ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

# တူရကီယဲသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး စီရင်ချက်များ၏ စည်းနှောင်အားရှိမှုနှင့် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်မှုအကြောင်း လေ့လာတင်ပြခြင်း


စာတမ်းပြုစုသူ - ဒေါ်ခင်ရူပါဦး

လက်ထောက်ညွှန်ကြားရေးမှူး

သုတေသနနှင့်လေ့ကျင့်ဌာနခွဲ

ဒေါ်ကေဇင်ကျော်

ဒုတိယဦးစီးမှူး

သုတေသနနှင့်လေ့ကျင့်ဌာနခွဲ


၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်

## တူကီယဲသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး စီရင်ချက်များ၏ စည်းနှောင်အားရှိမှုနှင့် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှုအကြောင်း လေ့လာတင်ပြခြင်း

## မာတိကာ


နိဒါန်း

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

၁-၁။ တရားရုံးဖွဲ့စည်းပုံ

၁-၂။ အမှုများစစ်ဆေးခြင်း

၁-၃။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး စီရင်ချက်များ၏ စည်းနှောင်အားရှိမှုနှင့် ၎င်းတို့၏ စီရင်ချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှု-

၂-၁။ တရားရုံး၏ စီရင်ချက်များကို လိုက်နာအကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်းသည့် သဘောတရားရေးဆိုင်ရာမူဘောင်

၂-၂။ တူကီယဲဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး(TCC)၏ စီရင်ချက်များကို လိုက်နာအကောင်အထည် ဖော်ဆောင်ရွက်မှု

၂-၃။ တူကီယဲ၏အတွေ့အကြုံနှင့် ဆုံးဖြတ်ချက်အား လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုကို ဖွဲ့စည်းပုံအသစ်ဖြင့် စိစစ်သည့်စနစ်

၂-၄။ အဓိကအချက်အလက်ကောက်ယူမှုရလဒ်နှင့် အကဲဖြတ်မှု အကျဉ်း

၃။ နိဂုံး

၃-၁။ လူပုဂ္ဂိုလ်တစ်ဦးချင်းစီလျှောက်ထားမှုဆိုင်ရာစီရင်ချက်များ၏ဥပဒေဆိုင်ရာအကျိုးသက်ရောက်မှုနှင့် လိုက်နာအကောင်အထည်ဖော်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း မရှင်းလင်းမှုများ

၃-၂။ ရှည်လျားသည့် စွဲဆိုခြင်းလုပ်ငန်းများ

၃-၃။ ထောက်ခံတင်ပြချက်များ

၄။ လေ့လာတင်ပြချက်

# တူကီယဲသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးစီရင်ချက်များ၏ စည်းနှောင်အားရှိမှုနှင့် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှုအကြောင်း လေ့လာတင်ပြခြင်း

## နိဒါန်း

တူကီယဲနိုင်ငံတွင် ၁၉၆၁ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအား မပြဋ္ဌာန်းမီအချိန်က ၁၉၂၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါလီမန်သည် နိုင်ငံ့ကိုယ်စား အချုပ်အခြာအာဏာကို ကျင့်သုံးပိုင်ခွင့်ရှိသည့် တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်ပြီး ပါလီမန်၏တန်ခိုးအာဏာ လွှမ်းမိုးမှုသည် အမြင့်ဆုံးဖြစ်ခဲ့သည်။ ပါလီမန်က ပြဋ္ဌာန်းခဲ့သည့် ဥပဒေများ၊ အစိုးရအဖွဲ့၏ လုပ်ဆောင်ချက်များနှင့် စပ်လျဉ်း၍လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းရှိ/မရှိ စိစစ်သည့် တရားဝင်အဖွဲ့အစည်းများ မရှိခဲ့ပေ။ တူကီယဲနိုင်ငံသည် " ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများအတိုင်း အချုပ်အခြာအာဏာကို သက်ဆိုင်ရာအဖွဲ့အစည်းများမှတစ်ဆင့် ကျင့်သုံးရမည်" ဟူသော အခြေခံမူအသစ်နှင့်အတူ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းလိုက်သည့်အခါ ပါလီမန်သည် နိုင်ငံ့ကိုယ်စားအချုပ်အခြာအာဏာကို ကျင့်သုံးပိုင်ခွင့်ရှိသည့် တစ်ခုတည်းသော အဖွဲ့အစည်းအဖြစ်မှ ရပ်စဲသွားသည်။ နိုင်ငံရေးဆိုင်ရာအဖွဲ့အစည်းများ၊ အထူးသဖြင့် ပါလီမန်က လုပ်ပိုင်ခွင့်ကို တလွဲအသုံးမပြုနိုင်ရေးအတွက် လွှတ်တော်က ပြဋ္ဌာန်းလိုက်သည့် ဥပဒေများသည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်မှုရှိ/ မရှိ ထိန်းညှိရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးလည်း ပေါ်ပေါက်လာခဲ့သည်။ တူကီယဲနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးကို ၁၉၆၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၁၉၆၂ ခုနှစ် ဧပြီလ ၂၅ ရက်နေ့တွင် စတင်တည်ထောင်ခဲ့သည်။ ၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ပြဋ္ဌာန်းချက်အရ နိုင်ငံ၏ အမြင့်ဆုံး အဖွဲ့အစည်းများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည်လည်း တစ်ခုအပါအဝင် ဖြစ်ခဲ့သည်။

## ၁။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

### ၁-၁။ တရားရုံးဖွဲ့စည်းပုံ

တူကီယဲနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌ ၂ ဦး အပါအဝင် တရားသူကြီး ၁၅ ဦးဖြင့် ဖွဲ့စည်းထားသည်။

တူကီယဲနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီး အဖွဲ့ဝင် ၁၅ ဦး ကို ရွေးချယ်ရာတွင် တူကီယဲအမြင့်ဆုံးအမျိုးသားလွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး အဖွဲ့ဝင် ၃ ဦးကို ရွေးချယ်သည်။ ထိုသို့ရွေးချယ်ရာတွင် စာရင်းစစ်တရားရုံးမှ ဥက္ကဋ္ဌနှင့်

အဖွဲ့ဝင်များက အမည်စာရင်းတင်သွင်းသော ကိုယ်စားလှယ်လောင်း ၃ ဦးအနက်မှ **၂ ဦး၊** ပြင်ပ ရှေ့နေအလုပ် လုပ်ကိုင်နေသူများထဲမှ ရှေ့နေများအဖွဲ့အစည်းက အမည်စာရင်းတင်သွင်းသူ ကိုယ်စား လှယ်လောင်း ၃ ဦးအနက်မှ **၁ ဦး**ကို လျှို့ဝှက်မဲဖြင့် ရွေးချယ်သည်။

ကျန်ရှိသည့် အဖွဲ့ဝင် ၁၂ ဦးကို နိုင်ငံတော်သမ္မတခန့်အပ်ပြီး ၊ နိုင်ငံတော်သမ္မတသည် အဆင်မြင့်အယူခံတရားရုံးမှ **အဖွဲ့ဝင် ၃ ဦး၊** နိုင်ငံတော်ကောင်စီမှ အမည်စာရင်းတင်သွင်းသည့် ကိုယ်စားလှယ် ၃ ဦးအနက် **အဖွဲ့ဝင် ၂ ဦး၊** အဆင့်မြင့် ပညာရေးကောင်စီမှ တင်သွင်းသော ကောင်စီဝင်မဟုတ်သည့် ဥပဒေပညာ၊ စီးပွားရေးပညာနှင့် နိုင်ငံရေးသိပ္ပံပညာရပ်ဆိုင်ရာ တက္ကသိုလ်များမှ ပါမောက္ခနှင့် တွဲဖက်ပါမောက္ခအဆင့်ရှိ ကိုယ်စားလှယ်များအနက်မှ **၃ ဦး၊** ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ တရားရုံးတွင် အနည်းဆုံး ၅နှစ် တာဝန်ထမ်းဆောင်ဖူးသည့် အစီရင်ခံစာပြုစုသည့် တရားသူကြီးများ (Rapporteurs Judges) သို့မဟုတ် အစိုးရရှေ့နေများ နှင့် စီနီယာတရားသူကြီး များ၊ ပြင်ပရှေ့နေများနှင့် အဆင့်မြင့်အုပ်ချုပ်ရေးအဖွဲ့ဝင်များအနက်မှ **(၄) ဦး** ကို ရွေးချယ်သည်။ အဖွဲ့ဝင်များ၏ သက်တမ်းမှာ ၁၂ နှစ်ဖြစ်ပြီး ပြန်လည်ရွေးချယ်ခံ ပိုင်ခွင့် မရှိပေ။ မည်သည့်အကြောင်းကြောင့်ဖြစ်စေ အဖွဲ့ဝင်တစ်ဦးသည် အသက် ၆၅ နှစ် အထိသာ တာဝန်ထမ်းဆောင်ခွင့်ရှိသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး အဖွဲ့ဝင်များသည် မိမိတို့၏ အဖွဲ့ဝင်များ အနက်မှ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ၂ ဦးကို ၄ နှစ် သက်တမ်းတာဝန်ထမ်းဆောင်နိုင်ရန် လျှို့ဝှက် ဆန္ဒမဲအများဆုံးရရှိသူများကိုရွေးချယ်သည်။၎င်းတို့သည်တာဝန်ထမ်းဆောင်ရမည့် သက်တမ်း ကုန်ဆုံးပြီးနောက် ထိုရာထူးနေရာများအတွက် ထပ်မံရွေးချယ်ခံပိုင်ခွင့်ရှိသည်။

**၁-၂။ အမှုများစစ်ဆေးခြင်း**

တူကီယဲနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတွင် အမှုများကို စစ်ဆေးရန် အတွက် စုံညီစစ်ဆေးခြင်း (The Plenary) ၊ တရားစီရင်ရေးအဖွဲ့ ၂ ဖွဲ့ (Sections) နှင့် ကော်မရှင် အဖွဲ့ ၃ ဖွဲ့ (Commissions) တို့ကို ဖွဲ့စည်းထားသည်။

**(က) စုံညီစစ်ဆေးခြင်း (The Plenary)**

တူကီယဲနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး စုံညီစစ်ဆေးခြင်းတွင် တရားရုံး ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် ၁၅ ဦး ပါဝင်ပြီး၊ အမှုများစစ်ဆေးရာတွင် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ဒုတိယဥက္ကဋ္ဌတစ်ဦးမှ သဘာပတိအဖြစ်ဆောင်ရွက်ပြီး ၎င်း၏ ကြီးကြပ်မှု အောက်တွင် အနည်းဆုံးအဖွဲ့ဝင် ၁၀ ဦးဖြင့် ဆောင်ရွက်သည်။ စည်းကမ်းချက်တစ်ရပ်အနေ ဖြင့် ဆုံးဖြတ်ချက်များကို ထက်ဝက်ကျော်ဆန္ဒမဲဖြင့် ဆုံးဖြတ်နိုင်သည်။

### (ခ) တရားစီရင်ရေးအဖွဲ့များ (The Sections)

တူကီယဲနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတွင် ဒုတိယဥက္ကဋ္ဌ တစ်ဦးစီက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အဖွဲ့ဝင် ၆ ဦးစီ ပါဝင်သော တရားစီရင်ရေးအဖွဲ့ ၂ ဖွဲ့ (Two Sections)ကို ဖွဲ့စည်းထားသည်။ အဆိုပါတရားစီရင်ရေးအဖွဲ့ကို ဒုတိယဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် ၄ ဦးဖြင့် ဆောင်ရွက်နိုင်ပြီး ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ထက်ဝက်ကျော်ဆန္ဒမဲဖြင့် ချမှတ်သည်။ တရားစီရင်ရေးအဖွဲ့များ၏ အဓိကတာဝန်မှာ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ လျှောက်ထားမှုများ(Individual Applications)ကို စစ်ဆေးဆုံးဖြတ်ရန်နှင့် စိစစ်ရန်ဖြစ်သည်။

### (ဂ) ကော်မရှင်အဖွဲ့များ (The Commissions)

တရားစီရင်ရင်းအဖွဲ့(Section)အသီးသီးတွင် ကော်မရှင် ၃ ရပ်ရှိသည်။ ယင်းကော်မရှင် တစ်ရပ်စီတွင် အဖွဲ့ဝင် ၂ ဦးစီဖြင့် ဖွဲ့စည်းထားပြီး ကော်မရှင်သည် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ လျှောက်ထားမှုများ (Individual Applications) ကို လက်ခံသင့်/ မသင့် စစ်ဆေးရန်အတွက် အဓိကဆုံးဖြတ်ရန် တာဝန်ရှိသည့် အဖွဲ့ဖြစ်သည်။ အမှုကိုဆုံးဖြတ်ရာတွင် တညီတညွတ်တည်း ဆုံးဖြတ်ချက်ချမှတ်ရမည်။ အကယ်၍ ဆုံးဖြတ်ရာတွင် တညီတညွတ်တည်း မရနိုင်ပါက ယင်းအမှုကို တရားစီရင်ရေးအဖွဲ့ (Section) ထံသို့ တင်သွင်းရမည်။

### ၁-၃။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ ဆုံးဖြတ်ချက်

တူယီကဲနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၅၃ အရ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။ ပယ်ဖျက်သည့် ကိစ္စနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များကို ဥပဒေအရ တရားမျှတမှန်ကန်ကြောင်း ဖော်ပြထားသည့် အထောက်အထားမပါရှိဘဲ ထုတ်ပြန်ခြင်း မပြုရ။

တူကီယဲနိုင်ငံ လွှတ်တော်မှ ပြဋ္ဌာန်းခဲ့သောလုပ်ထုံးလုပ်နည်းများ ၊ ဥပဒေများ၊ ဥပဒေ ကဲ့သို့ အာဏာတည်သည့် အမိန့်များ၊ ပြဋ္ဌာန်းချက်အချို့တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက ပယ်ဖျက်ကြောင်း ဆုံးဖြတ်ချက်ကို အစိုးရပြန်တမ်းတွင် ထုတ်ပြန် ကြေညာသည့် နေ့မှစ၍ ရပ်စဲရမည်။

လိုအပ်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဆုံးဖြတ်ချက် အာဏာ သက်ရောက်သည့် နေ့ရက်ကို သတ်မှတ်ပေးနိုင်သည်။ အဆိုပါကာလသည် ပြန်တမ်းတွင် တရားဝင် ထုတ်ပြန်ကြေညာသည့် နေ့ရက်မှစ၍ ၁ နှစ်ထက်မပိုရ။

ပယ်ဖျက်ကြောင်းဆုံးဖြတ်ချက်များသည် နောက်ကြောင်းပြန်အကျိုးသက်ရောက်မှု မရှိစေရ။

## ၂။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးစီရင်ချက်များ၏ စည်းနှောင်အားရှိမှုနှင့် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှု

### ၂-၁။ တရားရုံး၏ စီရင်ချက်များကို လိုက်နာအကောင်အထည်ဖော်ခြင်းနှင့် စပ်လျဥ်းသည့် သဘောတရားရေးဆိုင်ရာမူဘောင်

တရားဥပဒေစိုးမိုးရေးမူအရ နိုင်ငံတော်၏ အဖွဲ့အစည်းအားလုံးသည် နိုင်ငံတော်က ပြဌာန်းထားသည့်ဥပဒေများကို လိုက်နာရန်တာဝန်ရှိသည်။ ခေတ်သစ်ဒီမိုကရေစီနိုင်ငံများတွင် ထိုကဲ့သို့သော မရှိမဖြစ်လိုအပ်သော မူသဘောတရားကို နိုင်ငံတော်၏တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းဖြင့်သာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ သို့ရာတွင် တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းသည် အမှုတွင် ပါဝင်ပတ်သက်သည့် အမှုသည်များအတွက် အကျိုးသက်ရောက်မှုရှိပြီး စည်းနှောင်အားရှိသည့် တရားရုံးဆုံးဖြတ်ချက်ဖြစ်မှသာလျှင် အဓိပ္ပာယ်ရှိမည် ဖြစ်သည်။ တရားရုံး၏စီရင်ချက်များကို လိုက်နာအကောင်အထည်ဖော်မှုကို အာမခံချက်ပေးထားသည့် ခိုင်မာသော တရားစီရင်ရေးစနစ်တစ်ခုသည် တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုသဘောတရားကိုအားကောင်းစေသည်။ထို့ကြောင့်တူကီယဲနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၃၈ တွင် "ဥပဒေပြုရေး၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စီမံခန့်ခွဲရေးဆိုင်ရာကဏ္ဍသည် တရားရုံး၏ ဆုံးဖြတ်ချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်" ဟူသောအချက်ကို ပြဌာန်းထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်များကို ပြောင်းလဲခြင်း မပြုနိုင်သကဲ့သို့ ၎င်းတို့အား လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်မှုသည်လည်း နှောင့်နှေးကြန့်ကြာခြင်းမျိုး မဖြစ်သင့်ကြောင်းကို အခိုင်အမာဖော်ပြထားသည်။

တူကီယဲနိုင်ငံ၏ ဥပဒေစနစ်သည် စီရင်ပိုင်ခွင့်အားလုံးအတွက် လိုက်နာအကောင်အထည်ဖော်မှုဆိုင်ရာ နည်းလမ်းများနှင့် စံများကို အနည်းငယ် ကွဲပြားချက်ဖြင့် အပ်နှင်းထားသည်။ ပြစ်မှုဆိုင်ရာတရားစီရင်ရေးတွင် ဆုံးဖြတ်ချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ဥပဒေရုံးများရှိ အမှုလိုက်အရာရှိများထံ အပ်နှင်းထားသည်။

တရားမစီရင်ပိုင်ခွင့်တွင် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းစဥ်အား အတည်ပြုဆောင်ရွက်သည့် ရုံးများက စီမံခန့်ခွဲပြီး စပ်ဆိုင်သည့်ကန့်ကွက်ချက်များကို အတည်ပြု ဆောင်ရွက်သည့် တရားရုံးများထံ တင်သွင်းရမည်။

သို့ရာတွင် အုပ်ချုပ်ရေးဆိုင်ရာဥပဒေနှင့် စီရင်ပိုင်ခွင့်တွင် တရားရုံး၏ ဆုံးဖြတ်ချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ သီးခြားအဖွဲ့အစည်းမရှိပေ။ တိုင်တန်းခံရသည့် အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများသည် တရားဝင် အမိန့်ကြော်ငြာစာရရှိပြီး ရက်ပေါင်း ၃၀ အတွင်း အုပ်ချုပ်ရေးဆိုင်ရာတရားရုံးများ၏ ဆုံးဖြတ်ချက်များကို လိုက်နာအကောင်အထည်ဖော်ရမည်ဟု သက်ဆိုင်ရာဥပဒေတွင် ပြဋ္ဌာန်းထားသည်။ စီရင်ချက်များအား မှန်ကန်စွာ လိုက်နာအကောင်အထည်ဖော် မဆောင်ရွက်သည့်ကိစ္စတွင် အမှုသည်များသည် ငွေသားဖြင့် ဖြစ်စေ ငွေသားမဟုတ်သည့် နစ်နာကြေးအတွက် နိုင်ငံတော်ကို တရားစွဲနိုင်သည်။

ယေဘုယျအားဖြင့် တရားရုံးစီရင်ချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်သည့်စနစ်သည် တရားစီရင်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို ရှင်းလင်းတိကျပြီး မြန်ဆန်ထိရောက်သော အကောင်အထည်ဖော်ဆောင်ရွက်မှုဖြစ်ရန် အာမခံချက်ရှိရလိမ့်မည်။

တူကီယဲသမ္မတနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံး (TCC) နှင့် ဥရောပလူ့အခွင့်အရေးဆိုင်ရာတရားရုံး (ECHR) တို့၏ စီရင်ချက်များတွင် ထပ်တလဲလဲဖော်ပြထားသည့်အတိုင်း တရားစီရင်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များအား လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် တရားမျှတသော တရားစီရင်ရေး လုပ်ငန်းစဉ်၏ အရေးကြီးသည့် အစိတ်အပိုင်းတစ်ခုပင်ဖြစ်သည် ဟု ဆိုသည်။ ဥရောပလူ့အခွင့်အရေးဆိုင်ရာတရားရုံး (ECHR) အနေဖြင့် ဥပဒေစနစ်တစ်ရပ်သည် အမှုသည်တစ်ဦး၏ နစ်နာဆုံးရှုံးစေမှုကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက် မပေးဘဲရှိနေသည့် နောက်ဆုံးနှင့် စည်းနှောင်မှုရှိသည့် တရားစီရင်ရေးဆိုင်ရာ ဆုံးဖြတ်ချက်ကို ခွင့်ပြုထားမည်ဆိုပါက တရားရုံးတစ်ရုံး၏အခွင့်အရေးကို ထင်ယောင်ထင်မှား ဖြစ်စေမည် ဟု သုံးသပ်သည်။ အလားတူပင် တူကီယဲဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး (TCC)သည် တရားရုံးဆုံးဖြတ်ချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မည်သည့်နည်းလမ်းဖြင့်မဆို တားဆီးခြင်းသည် တရားရုံးသို့ ကုစားမှုအတွက် လျှောက်ထားနိုင်သည့် အခွင့်အရေးအား အကျိုးမရှိ ဖြစ်စေသည့် နည်းလမ်းပင် ဖြစ်သည်ဟု အခိုင်အမာဆိုထားသည်။ သို့ရာတွင် "စီရင်ချက် တစ်ခုကိုလိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ပိုင်ခွင့်" ခေါင်းစဉ်အောက်တွင် မကြာသေးမီက ဆုံးဖြတ်ခဲ့သော တူကီယဲဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး စီရင်ချက်များအား လိုက်နာအကောင်အထည်ဖော်ခြင်းနှင့်ပတ်သက်သည့် ကြားဝင်ဟန့်တားခြင်းများကို စိစစ်တွေ့ရှိရသည် ဟု တူကီယဲ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး (TCC) က ဆိုသည်။

## ၂-၂။ တူကီယဲဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး(TCC)၏ စီရင်ချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်မှု

အထက်တွင်ဖော်ပြထားသည့် ယေဘုယျအခြေခံမူသဘောတရားများနှင့်အညီ တူကီယဲ ဥပဒေစနစ်သည် တရားမ၊ ပြစ်မှုနှင့် အုပ်ချုပ်ရေးစီရင်ပိုင်ခွင့်အသီးသီးတွင် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည့် နည်းလမ်းများကို သတ်မှတ်ထားပါသည်။ သို့သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ရေးကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် အခြားသောစီရင်ပိုင်ခွင့်များနှင့် ကွဲပြားခြားနားခြင်းသည် စံအဖြစ် သတ်မှတ်ထားသော လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နည်းလမ်းများထက် တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုကဲ့သို့သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အာမခံချက်များအပေါ် အဓိကအခြေခံထားခြင်းပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ တူကီယဲနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၅၃ နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးဖွဲ့စည်းတည်ထောင်ခြင်းနှင့် တရားရုံး၏ လုပ်ထုံးလုပ်နည်းဆိုင်ရာ နည်းဥပဒေ အပိုဒ် ၆၆(၁) တို့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်များနှင့်စပ်လျဉ်း၍ "ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးအာဏာပိုင်များ၊ လူပုဂ္ဂိုလ်များနှင့် ဥပဒေအရ သတ်မှတ်ထားသော အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအပေါ် စည်းနှောင်အားရှိရမည်"ဟု ပြဋ္ဌာန်းထားပါသည်။ထိုကဲ့သို့သောပြဋ္ဌာန်းချက်များသည် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ လျှောက်ထားမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ ချမှတ်သည့် ဆုံးဖြတ်ချက်များအပေါ်တွင်လည်း ခြွင်းချက်မရှိသည့်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက် အမျိုးအစား အားလုံးအတွက်လည်း အကျုံးဝင်သည်။

လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ လျှောက်ထားလွှာနှင့်စပ်လျဉ်းသည့် လုပ်ငန်းစဉ် မစတင်မီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ဆုံးဖြတ်မှုကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းအပေါ်တွင် အများအားဖြင့် ကန့်သတ်ထားသည်။ ယခင်က လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှု ရှိခြင်း/ မရှိခြင်းသည် အဓိကပြဿနာ မဟုတ်ခဲ့ပေ။

တူကီယဲဥပဒေပြုလွှတ်တော်၏ အဓိကရည်ရွယ်ချက်မှာ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ လျှောက်ထားလွှာတင်ခြင်း လုပ်ထုံးလုပ်နည်းကို ရေးဆွဲပြဋ္ဌာန်းနေစဉ်အတွင်း ဥရောပလူ့အခွင့်အရေးဆိုင်ရာတရားရုံး(ECHR)ထံ တင်သွင်းသော လျှောက်လွှာအရေအတွက်ကို လျှော့ချရန်အတွက် ထိရောက်သည့် စိစစ်စစ်ဆေးသည့် နည်းလမ်းတစ်ခုကို ထူထောင်ရန်ဖြစ်သည်။

ထို့ကြောင့်အစကနဦးကတည်းက လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏လျှောက်ထားလွှာတင်သွင်းခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ကမကထပြုလုပ်မှုဖြင့် လူ့အခွင့်အရေးနှင့်လွတ်လပ်ခွင့်များကို ပြည့်ပြည့်ဝဝ အကာအကွယ်ပေးရန်အတွက် ထိရောက်သော ကုစားမှုပေးရန် ရည်ရွယ်ပါသည်။

ဥရောပလူ့အခွင့်အရေးဆိုင်ရာတရားရုံး (ECHR)ထံ တင်သွင်းသော လျှောက်ထားလွှာများထပ်မံ တင်သွင်းခြင်းကို ကာကွယ်ရန် ရည်ရွယ်သည့်အပြင် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ လျှောက်ထားမှုလုပ်ထုံး လုပ်နည်းသည် ထပ်တလဲလဲချိုးဖောက်မှုများကို တားမြစ်ရန် လူ့အခွင့်ရေးများ ကာကွယ်မှုတွင် ပါဝင်ပတ်သက်နေသော နိုင်ငံ၏ အာဏာပိုင်အဖွဲ့အစည်းများက လိုက်နာစေရန်အလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ခွင့်ပြုထားသည့် စံသတ်မှတ်ချက်တစ်ခု ဖန်တီးသင့်သည်။

ထိုအကြောင်းများကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး စီရင်ချက်များ၏ စည်းနှောင်အားရှိမှုသည် အခြားတရားစီရင်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များနည်းတူ အတည်ပြုဆောင်ရွက်ရန် လက်တွေ့အသုံးဝင်သောစနစ်တစ်ခုအပေါ် တည်မှီသင့်သည်။ ဂျာမန်ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးဟောင်း Siegfried Bross က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများ၏ စီရင်ချက်များအား လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် အမှုတွင်ပါဝင်သည့် အမှုသည်များထက် အများပြည်သူနှင့် လူ့အဖွဲ့အစည်းအပေါ် သိသာထင်ရှားစွာ အကျိုးသက်ရောက်မှုရှိခြင်းကြောင့် ပို၍ပင် အရေးကြီးကြောင်း ပြောကြားချက်အား ပြန်လည်အမှတ်ရစေပါသည်။ အဆိုပါလုပ်ထုံးလုပ်နည်း၏ အကျိုးသက်ရောက်မှုကို ထည့်သွင်းစဉ်းစားခြင်းဖြင့် ဥရောပလူ့အခွင့်အရေးဆိုင်ရာတရားရုံး (ECHR)သည် တူကီယဲဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ လျှောက်ထားမှုနှင့်စပ်လျဉ်းသည့် ၂၀၁၃ ခုနှစ် Hasan Uzun v. Turkey ဆုံးဖြတ်ချက်အား ထိရောက်သော ပြည်တွင်း ကုစားမှုအဖြစ် အသိအမှတ်ပြုခဲ့ပါသည်။

ထိုကဲ့သို့ ထိရောက်သည့် အကျိုးသက်ရောက်မှုကို ဆက်လက်ဖြစ်ပေါ်စေရန် အလို့ငှာ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ လျှောက်ထားခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသည့် အခြားအဖွဲ့အစည်းများမှ တူကီယဲနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး(TCC)၏ စီရင်ချက်များကို လေးစားလိုက်နာရန်အတွက် လိုအပ်ချက်များကို ပြဋ္ဌာန်းရမည်ဖြစ်သည်။ ထိုသို့ဖြစ်ရန်အတွက် စီရင်ချက်များတွင် ဥပဒေဆိုင်ရာကျိုးကြောင်း ခိုင်လုံမှုဖြင့် ချမှတ်ရန် အလေးထားရမည့်အပြင် နိုင်ငံတော်၏ အဖွဲ့အစည်းများအကြား ခိုင်မာသောပူးပေါင်းဆောင်ရွက်မှုနှင့် ဆွေးနွေးညှိနှိုင်းမှုသည်လည်း အရေးပါပေသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဒီမိုကရေစီစနစ်တွင် တရားဝင်ဖွဲ့စည်းထားသည့် နိုင်ငံ့ အာဏာပိုင်များအကြား ယုံကြည်မှုနှင့် ဆွေးနွေးညှိနှိုင်းမှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး စီရင်ချက်များ၏ တရားဝင် ခိုင်မာမှုကို အားကောင်းစေပြီး ရလဒ်အနေဖြင့် ဤလေးစားစရာကောင်းသော ရပ်တည်ချက်သည် စီရင်ချက်များအား အချိန်နှင့်တပြေးညီ ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်ခြင်းတို့ကို ကာကွယ်ပေးပါသည်။ ထို့အပြင် ဆုံးဖြတ်ချက်များကို အတိုင်းအတာတစ်ခုအထိ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် လူ့အဖွဲ့အစည်းအတွင်းရှိ တရားရုံးတစ်ရုံး၏ ပုံရိပ်၊ ၎င်း၏ အခွင့်အာဏာနှင့် အခြားအဖွဲ့အစည်းများနှင့် အာဏာပိုင်များက ပြသသောလေးစားမှုတို့အပေါ် မူတည်ပါသည်။ လူ့အဖွဲ့အစည်းက တရားရုံးအကြောင်းပိုမိုသိရှိလာသည်နှင့်အမျှ တရားရုံး၏ဆုံးဖြတ်ချက်များကိုလိုက်နာပြီး ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရာတွင် အုပ်ချုပ်ရေးကဏ္ဍက ဆောင်ရွက်မှုမရှိသည်များကို လက်သင့်ခံလိမ့်မည် မဟုတ်ပေ။

## ၂-၃။ တူကီယဲ၏အတွေ့အကြုံနှင့် ဆုံးဖြတ်ချက်အားလိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုကို ဖွဲ့စည်းပုံအသစ်ဖြင့် စိစစ်သည့်စနစ်

တူကီယဲနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ချမှတ်လိုက်သည့် ဆုံးဖြတ်ချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အဓိကတာဝန်ရှိသည့် အဖွဲ့အစည်းတစ်ရပ်ကို ဖွဲ့စည်းခြင်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက သက်ဆိုင်ရာအစိုးရအာဏာပိုင်များအပေါ် ချမှတ်သည့် ဆုံးဖြတ်ချက်သည် သီအိုရီနှင့် လက်တွေ့နှစ်ခုစလုံးဖြင့် ထိရောက်သည့် ဆုံးဖြတ်ချက်ဖြစ်စေရန် ရည်ရွယ်ပါသည်။ ဒုတိယအချက်မှာ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏လျှောက်ထားသည့် လုပ်ငန်းစဉ်ကို ထိရောက်သော ပြည်တွင်းကုစားမှုအဖြစ် ထိန်းသိမ်းထားရန်နှင့် နောက်ဆုံးတွင် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ အခြေခံအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များနှင့်စပ်လျဉ်းသည့် လျှောက်ထားမှုဆိုင်ရာ အခက်အခဲများကို သတ်မှတ်ရန် ကြိုးပမ်းခြင်းဖြစ်သည်။ ၎င်းတို့ကို လူပုဂ္ဂိုလ်တစ်ဦးချင်းဆိုင်ရာ လျှောက်ထားမှု၏ လုပ်ငန်းအစိတ်အပိုင်းအဖြစ်သော်လည်းကောင်း၊ ဆုံးဖြတ်ချက်များကို မြန်မြန်ဆန်ဆန် ထိထိရောက်ရောက် အကောင်အထည်ဖော်လိုက်နာဆောင်ရွက်ခြင်းသည် ဥရောပလူ့အခွင့်အရေးဆိုင်ရာတရားရုံး (ECHR)သို့ လူပုဂ္ဂိုလ်တစ်ဦးချင်းစီက လျှောက်ထားသည့် အရေအတွက်ကို လျော့ကျစေရန် လည်းကောင်း၊ အခြားနိုင်ငံတော်အဖွဲ့အစည်းများအပေါ် တရားရုံးဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှု အားကောင်းစေရန်လည်းကောင်း ရည်မျှော်ခြင်းဖြစ်သည်။

တူကီယဲနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး(TCC) သည် အထက်ဖော်ပြပါ ကိစ္စနှင့်ပတ်သက်၍ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၁ ရက်နေ့တွင် တရားရုံး ဥက္ကဋ္ဌ ၏ အတည်ပြု ချက်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ တာဝန်များ၊ လုပ်ငန်းလုပ်ထုံးလုပ်နည်း များနှင့် တရားရုံး၌ ဖွဲ့စည်းထားသည့် အဖွဲ့များ၏ ဖွဲ့စည်းပုံမူများကို ပြင်ဆင်ကာ "စီရင်ချက် များဆိုင်ရာ ညွှန်ကြားရေးမှူးရုံး" ဟု အမည်ရှိ ဌာနအသစ်တစ်ခုကို တရားရုံး၏ မျက်နှာ စုံညီအစည်းအဝေးတွင် ယခင် ဆုံးဖြတ်ချက်အပေါ် အခြေခံ၍ ဖွဲ့စည်းခဲ့ပါသည်။ ဤဌာနကို ဖွဲ့စည်းခြင်းသည် တူကီယဲ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး(TCC) ဥပဒေတွင် ပြဌာန်း ထားသည့် ဥပဒေအခြေခံအချက် အရ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး(TCC) ဥပဒေအပိုဒ် ၂၃(၃)(ဃ)တွင် "**တရားရုံး၏ဆုံးဖြတ်ချက်များ လိုက်နာအကောင် အထည်ဖော်ဆောင်ရွက်မှုအတွက်ဆောင်ရွက်ပြီးစီးမှုကိုစိစစ်ရန်နှင့် ယင်းဆောင်ရွက်ချက်နှင့် စပ်လျဥ်း၍ စုံညီအထွေထွေအစည်းအဝေးသို့ အသိပေးအကြောင်းကြားရန်**" ဆိုသည့် အချက်ကို အတွင်းရေးမှူးချုပ်၏ တာဝန်များတွင် ထည့်သွင်းပြဌာန်းထားချက်အပေါ် အခြေခံ ထားခြင်း ဖြစ်သည်။

နောက်ဆက်တွဲအပိုဒ် ၁(က) တွင် ဌာနသစ်၏ တာဝန်များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံး (TCC) ၏ စီရင်ချက်များကို လိုက်နာအကောင်အထည်ဖော်မှု ရှိ/ မရှိကို လေ့လာစောင့်ကြည့်ခြင်းနှင့် ဤကိစ္စရပ်နှင့်ပတ်သက်၍ စုံညီအထွေထွေအစည်းအဝေးကို အရည်အသွေးရှိပြီး ထိရောက်မှုရှိသည့် အသိပေးကြောင်းကြားရန် တာဝန်ရှိမှုကို ဖြည့်ဆည်း ပေးရန် အလို့ငှာ လိုအပ်သော လေ့လာမှုများဆောင်ရွက်ခြင်းတို့ကို ဌာနအသစ်၏တာဝန်အဖြစ် ဖော်ပြထားပါသည်။ အသစ်ဖွဲ့စည်းထားသော ညွှန်ကြားရေးမှူးရုံးသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ညီ/မညီ ပြန်လည် သုံးသပ်သည့် စီရင်ချက်များနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ ဆိုင်ရာ လျှောက်ထားမှုနှင့်ပတ်သက်သည့် စီရင်ချက်များအပေါ် လုပ်ငန်းတစ်ခုစီအတွက် သီးခြား ဌာနခွဲများဖြင့် လေ့လာစောင့်ကြည့်ရန် တာဝန်ရှိသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး (TCC) ဥပဒေ၌ ပြဌာန်းထားသော အခြေခံ ဖြစ်သည့် လေ့လာစောင့်ကြည့်ရေးလုပ်ငန်းစဉ်သည် တရားစီရင်ရေးအတွက် ရည်ရွယ်ခြင်း မဟုတ်ဘဲ တရားရုံး စီရင်ချက်များကို လိုက်နာအကောင်အထည်ဖော်မှုရှိ/မရှိ နှင့်စပ်လျဥ်း၍ ဆောင်ရွက်ပြီးစီးမှုကို စိစစ်သည့် လုပ်ငန်းမှ ပေါ်ထွက်လာသည့်အဖြေအား အထွေထွေအတွင်း ရေးမှူးချုပ်ရုံးမှတစ်ဆင့် နှစ်စဥ်တရားရုံး၏ မျက်နှာစုံညီအစည်းအဝေးသို့ သတင်းအချက်

အလက်တင်ပြရန် အဓိကတာဝန်ပေးအပ်ထားသည့် ဌာနတွင်း အဖွဲ့အစည်းတစ်ခုသာ ဖြစ်သည်။ ထို့အပြင် အဆိုပါ ဌာန၏ လုပ်ငန်းစီမံချက်မူကြမ်းတွင် စောင့်ကြည့်ရေးလုပ်ငန်းစဥ်၏ စနစ်တကျ ဖြစ်မှုနှင့် ဖွဲ့စည်းထားရှိမှုနှင့်ဆိုင်သည့် ပြဿနာများကို ဖြေရှင်းရန်၊ ဌာနတွင်း ပညာရေးအစီအစဥ်များကို ပြင်ဆင်ခြင်းနှင့် လုပ်ငန်းစီမံချက်နှင့် ပတ်သက်သည့် အထွေထွေ အစီအမံများကိုရေးဆွဲခြင်း၊ အစည်းအဝေးများအတွက် အစီအစဥ်များရေးဆွဲခြင်း ၊ အခြား သက်ဆိုင်ရာအာဏာပိုင်များနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။

အဆိုပါဌာနသည် UYAP (Turkey’s e- Justice System) နှင့် DYS (Department of Youth Services)မှတစ်ဆင့် ချိုးဖောက်မှုများကို ကုစားရန်အတွက် တာဝန်ရှိသောအုပ်ချုပ်ရေး အာဏာပိုင်များနှင့် ပြန်လည်ရုံးထိုင်စစ်ဆေးရန် သို့မဟုတ် ပြန်လည်စုံစမ်း စစ်ဆေးရန် တာဝန်ရှိသော တရားစီရင်ရေးဆိုင်ရာ အာဏာပိုင်များနှင့် စာအဆက်အသွယ်ပြုမှု ရလဒ်အဖြစ် စီရင်ချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဥ်းသည့် သတင်း အချက်အလက် အားလုံးကို လက်ခံရယူသည်။ လက်ခံရရှိသော သတင်းအချက်လက်များအရ ဆုံးဖြတ်ချက်များ ချမှတ်ခြင်းနှင့် အဆိုပါဌာန၏ ဆောင်ရွက်ချက်များ၏ ရလဒ်အဖြစ် လျှောက်ထားမှုတစ်ခုချင်းစီအတွက် ချိုးဖောက်မှုနှင့် ၎င်း၏အကျိုးဆက်ကို ကုစားပေးခြင်း ရှိ/ မရှိကို အကဲဖြတ်ခြင်းဖြစ်သည်။ ထို့အပြင် အဆိုပါဌာနသည် UYAP (Turkey’s e- Justice System)တွင် ထည့်သွင်းထားသည့် ဆုံးဖြတ်ချက်အား အကောင်အထည်ဖော်လိုက်နာ ဆောင်ရွက်ခြင်း ရှိ/မရှိ စောင့်ကြပ်ကြည့်ရှုခြင်းကို ၂၀၂၁ ခုနှစ် အကုန်တွင် စတင်ခဲ့ပြီး ရရှိထားသည့် အစီရင်ခံစာများအရ ဆောင်ရွက်မည့် ကိန်းဂဏန်း အချက်အလက်များကို ရယူခြင်း တို့ကို ဆောင်ရွက်ခဲ့သည်။ ဤစနစ်ဖြင့် ဆောင်ရွက်ခြင်းအားဖြင့် ပြန်လည်ရုံးထိုင်စစ်ဆေးခြင်း နှင့် ပြန်လည်စုံစမ်းစစ်ဆေးခြင်းဖိုင်များကို ချိတ်ဆက်နိုင်သောကြောင့် ယင်းလုပ်ငန်းစဉ်သည် တရားစီရင်ရေးဆိုင်ရာအာဏာပိုင်များနှင့်စာပေးစာယူဆောင်ရွက်ရန် မလိုအပ်ဘဲ စောင့်ကြည့် နိုင်ပြီး အချက်အလက်စီးဆင်းမှု ပိုမိုမြန်ဆန်စေသည်။

အခြေခံအားဖြင့် လေ့လာစောင့်ကြည့်နေစဥ်အတောအတွင်း အကောင်အထည်ဖော် မဆောင်ရွက်နိုင်သော စီရင်ချက်တစ်ခုအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး(TCC) သည်တရားစီရင်ရေးဆိုင်ရာ ဆုံးဖြတ်ချက် သို့မဟုတ် စီမံခန့်ခွဲရေးဆိုင်ရာအရေးယူ ဆောင်ရွက်မှုကို ပြုလုပ်မည်မဟုတ်ပေ။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး(TCC) စီရင်ချက်များအား လိုက်နာခြင်းမရှိပါက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး(TCC)သို့ လူပုဂ္ဂိုလ်တစ်ဦးချင်း ဆိုင်ရာ လျှောက်ထားလွှာကို ထပ်မံတင်သွင်းနိုင်သည်။ ယခင်တရားရုံးဆုံးဖြတ်ချက်များကို

အကောင်အထည်ဖော်မဆောင်ရွက်ခဲ့သည့်အတွက် တင်သွင်းသည့် အဓိက တိုင်လျှောက်ချက်တွင် အချို့အမှုများ၌ ချိုးဖောက်မှုများရှိသည်ကို တရားရုံးက တွေ့ရှိခဲ့သည်။

## ၂-၄။ အဓိကအချက်အလက်ကောက်ယူမှုရလဒ်နှင့် အကဲဖြတ်မှု အကျဉ်း

အထက်တွင် ဖော်ပြထားသည့်အတိုင်း ပြန်လည်ရုံးထိုင်စစ်ဆေးမှုများနှင့် စုံစမ်းစစ်ဆေးမှုများသည် တစ်စုံတစ်ရာသော သတ်မှတ်ကာလအတွင်း ပြီးမြောက်နိုင်သည်ဟု ယူဆပါက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး(TCC)၏ စီရင်ချက်များအား လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ အားကိုးအားထားပြုနိုင်သော စာရင်းဇယားများအပေါ် အကဲဖြတ်ပြီးစီးမှုသည် တစ်နှစ်ကြာပြီးမှသာ ရနိုင်ပေရာ။ အောက်တွင်ဖော်ပြထားသော ဒေတာအချက်အလက်များသည် ၂၀၁၃ -၂၀၁၉ ထိ ကာလအတွင်း သတ်မှတ်ထားသည့် အချက်အလက် ဖြစ်သည်။ စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုများနှင့် ဆုံးဖြတ်ချက်များကို စိစစ်ပြီးနောက် အမှုတွဲများကို နောက်ဆက်တွဲ အမျိုးအစား ၃ မျိုးဖြင့် ခွဲခြားသတ်မှတ်သည်-

(က) **လေ့လာစောင့်ကြည့်စစ်ဆေးရန် လိုအပ်ခြင်း** – (သက်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်အာဏာနှင့်စပ်လျဉ်းသည့် အထွေထွေလုပ်ထုံးလုပ်နည်းများဥပဒေအရ ဆိုင်းငံ့ထားသည့် ပြန်လည်ရုံးထိုင်စစ်ဆေးခြင်းများနှင့် ပြန်လည်စုံစမ်းစစ်ဆေးမှုများအပါအဝင် ပြန်လည်ရုံးထိုင်စစ်ဆေးရန်နှင့် ပြန်လည်စုံစမ်းစစ်ဆေးရန် ပယ်ချခြင်းခံထားရသည့် ကိစ္စများ ပါဝင်သည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ အဆုံးအဖြတ် ဆုံးဖြတ်ချက်များကို လိုက်နာခြင်း မရှိသည့် ကိစ္စရပ်များသည် ဤအမျိုးအစားတွင် အကျုံးဝင်သည်။)

(ခ) **ပြီးစီးမှုကို လေ့လာစောင့်ကြည့်ရန်လိုအပ်ခြင်း –** (ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဆုံးဖြတ်ချက်နှင့်အညီ စနစ်တကျ ပြန်လည်ရုံးထိုင်စစ်ဆေးခြင်း ၊ သို့သော် အပြီးသတ်ဆုံးဖြတ် ချက် စောင့်ဆိုင်းနေခြင်း မဟုတ်။)

(ဂ) **လေ့လာစောင့်ကြည့်ရန် မလိုအပ်ခြင်း–** (တရားဝင် ကုစားမှုများကို အပြည့်အဝ အာမခံပေးထားသည့် ဆုံးဖြတ်ချက်များသည် အပြီးပြတ်အတည်ဖြစ်သည်။)

အချက်အလက်အားလုံးသည် နိုင်ငံတဝန်းရှိ တရားစီရင်ရေးတွင် အသုံးပြုသည့် UYAP ဟုခေါ်သော ဒစ်ဂျစ်တယ်စနစ်မှတစ်ဆင့် တာဝန်ရှိအာဏာပိုင်များ (ဥပမာ တရားရုံးများနှင့် အခြားအုပ်ချုပ်ရေး အဖွဲ့များ) ထံမှ စုစည်းထားခြင်းသည်။ ပြန်လည်ရုံးထိုင်စစ်ဆေးခြင်းနှင့် ပြန်လည်စုံစမ်း စစ်ဆေးမှု ရလဒ် များကို ပုံမှန်တောင်းခံခဲ့သည်။ ပြန်လည်ဖြေကြားချက်များကို တရားရုံးရှိ

အစီရင်ခံစာပြုစုသည့် တရားသူကြီးများ (rapporteaur judges) နှင့် အထွေထွေ အတွင်းရေးမှူး တို့က ပူးပေါင်းဆောင်ရွက်၍ ညွှန်ကြားရေးမှူးချုပ်က အကဲဖြတ်သည်။

ပြန်လည်ရုံးထိုင်စစ်ဆေးခြင်းနှင့်ပတ်သက်၍ ၂၀၁၃ ခုနှစ် မှ ၂၀၁၉ ခုနှစ်အတွင်း ပြန်လည် ရုံးထိုင် စစ်ဆေးထားသည့် ဆုံးဖြတ်ချက် ၁၂၁၄ ခုအနက် ၅၂.၉၇% သည် အပြည့်အဝ လိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး၊ ၂၅.၆၂% သည် ပြီးစီးမှုကို လေ့လာစောင့်ကြည့်ရန် လိုအပ် လျက်ရှိပြီး၊ ၂၁.၄၁% မှာ သက်ဆိုင်ရာ အာဏာပိုင်များက ဆက်လက်လိုက်နာ အကောင်အထည် ဖော်ရန် ကျန်ရှိသည်။ ဆုံးဖြတ်ချက်များအနက် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ခြင်း မပြုသည့် အချိုးအစား အများဆုံးရှိသည့် အမှုများသည် ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ရက်စက်မှုကို တားမြစ်ခြင်း (၄၈%)၊ ဥပဒေဆိုင်ရာ အကူအညီရပိုင်ခွင့် (၄၇.၀၆%)၊ အသက်ရှင် သန်ခွင့် (၄၂.၁၁%)၊ ပစ္စည်းပိုင်ဆိုင်ခွင့် (၃၆.၉၁%)၊ အမှုကို ချေပရန် ပြင်ဆင်မှုအတွက် လုံလောက် သောအချိန်နှင့် လိုအပ်မှုများ ရပိုင်ခွင့် (၃၃.၃၃%)၊ သင့်လျော်သောအချိန်အတွင်း ရုံးထိုင်စစ်ဆေး ပိုင်ခွင့် (၃၃.၃၃%)နှင့် လွတ်လပ်ခွင့်နှင့် လုံခြုံခွင့် (၃၀%) ဖြစ်သည်။

စုစုပေါင်း စီရင်ချက်များ၏ ၂၁.၄၂% (ချိုးဖောက်မှုပေါင်း ၂၆၀) သည် လိုက်နာအကောင် အထည်ဖော်ဆောင်ရွက်ရန် စောင့်ဆိုင်းနေဆဲရှိသည့် ပြန်လည်ရုံးထိုင်စစ်ဆေးမှုအရ ဆုံးဖြတ်ချက် ဖြစ်သည်ဆိုသည့် အဖြေထွက်ပေါ်လာခဲ့သည်။ သို့သော် ဆုံးဖြတ်ချက် ၂၃၃ ခု (၈၉.၆၂%) မှာ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်ရုံးထိုင်စစ်ဆေးခြင်းကိုစတင်ခဲ့သော်လည်း လက်ရှိတွင်ဆိုင်းငံ့ ထားဆဲဖြစ်သည်။ အခြားတစ်ဖက်တွင် ဆုံးဖြတ်ချက် ၂၂ ခုမှာ လျှောက်ထားသူများ၏ ပြန်လည် ရုံးထိုင်စစ်ဆေးရန် တောင်းဆိုမှုများကို ငြင်းပယ်ခြင်းခံခဲ့ရခြင်း သို့မဟုတ် လျှောက်ထားသူများက တောင်းဆိုမှုမရှိသောကြောင့် ပြန်လည်ရုံးထိုင်စစ်ဆေးခြင်းများကို စတင်ခြင်း မပြုသည့် ကိစ္စများ ဖြစ်သည်။ အမှုငါးခုတွင်သာ ပြန်လည်ရုံးထိုင်စစ်ဆေးခြင်းများကို မှန်းထားသည့် အချိန်အတွင်း နောက်ဆုံး ဆောင်ရွက်နိုင်သော်လည်း ချိုးဖောက်မှုများနှင့် ၎င်းတို့၏အကျိုးဆက်များကို ကုစား နိုင်ခြင်းမရှိသေးပေ။ ဤသို့ဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းတစ်ခုမှာ ပြန်လည်ရုံးထိုင်စစ်ဆေး ခြင်း၏ သဘောတရားရေးဆိုင်ရာ ရှုပ်ထွေးမှုများကြောင့်ဖြစ်သည်။ အခြားလုပ်ထုံးလုပ်နည်းဆိုင်ရာ နည်းဥပဒေနှင့်မတူဘဲ တူကီယဲဖွဲ့စည်းပုံအခြေခံဆိုင်ရာတရားရုံးဥပဒေသည် မိမိတရားရုံး၏ စီရင် ချက်များအတွက် ပြန်လည်ရုံးထိုင်စစ်ဆေးခြင်းကို မဖြစ်မနေ ပြုလုပ်ရမည် ဆိုသည့် အချက်အပေါ် မူလတရားရုံးများအား ဆင်ခြင်တုံတရားဖြင့် ကျင့်သုံးနိုင်သည့် အခွင့်အာဏာကို အပ်နှင်းမထား ပေ။ ရရှိထားသည့် အချက်အလက်များအပေါ်အခြေပြုပါက ပြန်လည်ရုံးထိုင်စစ်ဆေးမှု လုပ်ငန်း စဉ်သည် ပျမ်းမျှအားဖြင့် ၄၃၂ ရက် ကြာမြင့်သည်။ ပထမမူလ တရားရုံးများသည် ဖွဲ့စည်းပုံအခြေခံ

ဆိုင်ရာတရားရုံး၏ စီရင်ချက်နှင့်အညီ ချိုးဖောက်မှုများကို ကုစားခဲ့သော်လည်း၊ တရားစွဲရုံးများနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များက ယခင်ချမှတ်ပြီးသည့် စီရင်ချက်များအပေါ် ဆက်လက်၍ အယူခံဝင်နေခြင်းသည် ပြန်လည်ရုံးထိုင်စစ်ဆေးခြင်း လုပ်ငန်းစဉ်ကို အချိန်ကြာရှည်စေကြောင်း လေ့လာတွေ့ရှိရသည်။

ပြန်လည်စုံစမ်းစစ်ဆေးသည့် အခြေအနေများသည် ပို၍ ဆိုးရွားသည်ကို တွေ့ရသည်။ အမှုပေါင်း ၇၇ မှုအနက် ၄၈မှု (၆၂.၃၄ ရာခိုင်နှုန်း)သည် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန် ကျန်ရှိနေသေးသည်။ အများစုမှာ သင့်လျော်သည့်အချိန်အတွင်း ပြန်လည်ရုံးထိုင်စစ်ဆေးခြင်းများကို တရားစွဲရုံးများက အဆုံးသတ်ပေးရန် ပျက်ကွက်ခြင်းမှ အစပြုဟန် ရှိပေသည်။ ထို့ကြောင့် တရားစွဲရုံးများသည် ချိုးဖောက်မှုဆိုင်ရာ ဆုံးဖြတ်ချက်များတွင် ဖော်ပြထားသည့် ချို့ယွင်းချက်များကို မှန်မှန်ကန်ကန်ဖြစ်စေရန် သင့်လျော်သည့် အချိန်တွင် မဆောင်ရွက်ခဲ့ပေ။ အထူးသဖြင့် အသက်ရှင်သန်ပိုင်ခွင့် ချိုးဖောက်မှု၊ ညှဉ်းပန်းနှိပ်စက်မှု နှင့် ရက်စက်ကြမ်းကြုတ်သည့် ကိစ္စရပ်များအား ပြန်လည်စုံစမ်းစစ်ဆေးခြင်းများတွင် လေ့လာတွေ့ရှိခဲ့ရသည်။

လျှောက်ထားသူများအား လျော်ကြေးငွေပေးချေမှုဆိုင်ရာ ဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ ချိုးဖောက်မှုအများစုကို (၂၁၉၉ အနက် ၂၀၈၁ မှု, ၉၄.၆၄%) ကုစားပြီးဖြစ်သည်။

တူကီယဲနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ အစီရင်ခံစာတွင် ဖော်ပြထားသည့် အခြားခေါင်းစဉ်တစ်ခုမှာ မူလတရားရုံးများမှ ဆုံးဖြတ်သည့် စီရင်ချက်များကို လိုက်နာဆောင်ရွက်မှုမရှိခြင်းနှင့်စပ်လျဉ်း၍ ယင်းစီရင်ချက်များကို လိုက်နာအကောင်အထည်ဖော်ရန်အတွက် ဆောင်ရွက်သည့် အမှုဖြစ်သည်။ အဆိုပါအမှုများသည် တရားရုံးသို့ တိုင်တန်းခွင့်နှင့် ပစ္စည်းပိုင်ဆိုင်ခွင့်တို့နှင့် ဆက်စပ်နေပြီး အဆိုပါစီရင်ချက်များနှင့်ကိုက်ညီမှုအချိုးအစားသည် ၅၃% (၄၉ မှု တွင် ၂၆မှု) ဖြစ်သည်။ လျှောက်ထားသူများအား နစ်နာကြေးနှင့် တရားခွင် စရိတ်များ ပေးဆောင်သော်လည်း အုပ်ချုပ်ရေးအဖွဲ့အစည်းများသည် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ လျှောက်ထားမှုနှင့် သက်ဆိုင်သည့် တရားရုံးများ၏မူလစီရင်ချက်များနှင့်ပတ်သက်၍ ကျန်ရှိသည့်အပိုင်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်ကြသည်။

၂၀၁၉ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည့် လေ့လာစောင့်ကြည့်ရေး လုပ်ထုံးလုပ်နည်း၏ ဘောင်အတွင်း တူကီယဲနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက အောက်တွင် ဖော်ပြထားသော ကိန်းကဏန်းများမှ ၂၀၁၃ ခုနှစ်မှ ၂၀၁၉ ခုနှစ်အကြား စည်းကမ်းဖောက်ဖျက်မှုဖြင့် သက်ဆိုင်သည့် စီရင်ချက်များ အကျုံးဝင်ပြီး၊ အစိုးရအာဏာပိုင်များက ကုစားမှုမပေးနိုင်သော ချိုးဖောက်မှု အရေအတွက်စုစုပေါင်း ၁၃၄၆ မှုအနက် ၃၃ မှုရှိကြောင်း ထုတ်ဖော်ပြောကြားထားသည်။

## ၃။ နိဂုံး

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း တူကီယဲနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး (TCC)၏ စီရင်ချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမှန်တကယ် ပြဿနာမှာ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ လျှောက်ထားမှု တင်သွင်းထားစဉ်အတွင်း ဆုံးဖြတ်ချက်များ ချမှတ်ခြင်းဖြစ်သည်။

လူပုဂ္ဂိုလ်တစ်ဦးချင်းစီ လျှောက်ထားမှုသည် တူကီယဲနိုင်ငံ၏ တရားစီရင်ရေးမဏ္ဍိုင်တွင် တွေ့ရသော ဖြစ်စဉ်အသစ်တစ်ခု ဖြစ်သည်။ ထို့ကြောင့် သက်ဆိုင်ရာ အစိုးရအာဏာပိုင်များနှင့် မူလတရားရုံးများသည် ဆုံးဖြတ်ချက်များကို လိုက်နာအကောင်အထည်ဖော်ရာတွင် အချို့သော အကြောင်းအရာများနှင့် မသေချာမရေရာမှုများသည် အတိုင်းအတာတစ်ခု အထိ ရှိနေပေသည်။

သို့ရာတွင် တရားရုံးများနှင့် အုပ်ချုပ်ရေးအဖွဲ့များ၏ လွဲမှားစွာ အဓိပ္ပာယ်ဖွင့်ဆိုမှုများသည် ကျယ်ပြန့်မလာသင့်ဘဲ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ လျှောက်ထားမှုကို ထိရောက်စွာ ထိန်းသိမ်းထား ရမည်။

မကြာသေးမီကထုတ်ပြန်ခဲ့သည့် နှစ်ပတ်လည် အစီရင်ခံစာအရ လေ့လာစောင့်ကြည့်သည့် ဆောင်ရွက်ချက်များတွင် ဆန်းစစ်ထားသော သမာရိုးကျပြဿနာများကို အောက်ပါအတိုင်း အကျဉ်းချုံး တင်ပြပါသည်–

### ၃–၁။ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ လျှောက်ထားမှုဆိုင်ရာ စီရင်ချက်များ၏ ဥပဒေဆိုင်ရာ အကျိုးသက်ရောက်မှုနှင့် လိုက်နာအကောင်အထည်ဖော်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း မရှင်းလင်းမှုများ

အဓိကအားဖြင့် အချို့သော မူလတရားရုံးများသည် ချိုးဖောက်ကြောင်းကို ကြေညာချက် ထုတ်ရုံမျှအဖြစ် စီရင်ချက်၏ အကျိုးသက်ရောက်မှုကို လျှော့ချပြီး၊ ချိုးဖောက်မှုကို အဆုံးသတ်ရန် သို့မဟုတ် ပြုပြင်ရန် ချီတုံချတုံ ဖြစ်နေတတ်သည်။ အမှန်တကယ်တွင် ထိရောက်သော ကုစားမှုအဖြစ် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ လျှောက်ထားလွှာ သဘောသဘာဝသည် အစိုးရအာဏာပိုင်များက (တရားရုံးများအပါအဝင်) အာမခံချက် ပေးရမည်ဖြစ်ပြီး၊ ချိုးဖောက်မှုကို အမြင့်ဆုံးပြင်ဆင်ရန်လိုအပ်သည်။ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေခြင်း (ပိုနေမြဲကျားနေမြဲအခြေအနေသို့ ပြန်လည်ရောက်ရှိစေခြင်း) (restitution in integrum) မူသဘောတရားသည် အမှုတွင် တိုင်တန်းခံရသူ အစိုးရ အာဏာပိုင်များ၏ ချိုးဖောက်မှု မရှိစဉ်အချိန်က တည်ရှိနေသည့် အခြေအနေများအတိုင်း

ရှိနေရမည်ဆိုသည့် တာဝန်ကို ဖော်ပြထားခြင်းဖြစ်သည်။ ယင်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေတွင် “ချိုးဖောက်မှုအတွက် ဆုံးဖြတ်ချက်ချသည့်ကိစ္စများတွင် ချိုးဖောက်မှုနှင့် အကျိုးဆက်များနှင့်စပ်လျဉ်း၍ ရုပ်သိမ်းရန် လိုအပ်သည်များကို တရားရုံးကဆုံးဖြတ်ရမည်။တရားရုံးကချိုးဖောက်သည်ဟုဆုံးဖြတ်ချက် ချမှတ်ခြင်းခံရပါက ချိုးဖောက်မှုနှင့် အကျိုးဆက်များကို ဖယ်ရှားနိုင်စေရန်အတွက် ပြန်လည်ရုံးထိုင်စေရန် အမှုတွဲကို သက်ဆိုင်ရာ တရားရုံးသို့ ပေးပို့ရမည်” ဟု ပြဋ္ဌာန်းထားသည်။

ဖော်ပြခဲ့သည့် စီမံချက်များ၊ အရေးယူဆောင်ရွက်မှုများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စုံညီဆုံးဖြတ်ချက်တို့နှင့်အညီ ဖြစ်စေရန် ချိုးဖောက်မှု မဖြစ်ပွားမီတည်ရှိနေခဲ့သည့် အခြေအနေကို ပြန်လည်ထားပေးရန်အပြင် နောင်တွင် အလားတူချိုးဖောက်မှုများကို တားဆီးရန် အထွေထွေအစီအမံများသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဥပဒေအခြေခံအထောက်အထားများဖြစ်ရမည်။

အဆိုပါဥပဒေအစီအမံများအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် ချိုးဖောက်မှုဆိုင်ရာဆုံးဖြတ်ချက်များနှင့်အညီ ပြန်လည်ရုံးထိုင်စစ်ဆေးခြင်းနှင့် ပြန်လည်စုံစမ်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ စံသတ်မှတ်ချက်အချို့ကို ချမှတ်ခဲ့ပါသည်။ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ လျှောက်ထားမှုဆိုင်ရာ စံသတ်မှတ်ချက်သည် စီရင်ချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်ကိုသာ ညွှန်ပြထားသည့် သီးခြားအပိုင်းဖြစ်ပါသည်။သီးခြားကိစ္စရပ်များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ယင်းကိစ္စအား ပါလီမန်အမတ် Kadri Enis Berberoğlu မှ တင်သွင်းသည့် လူသိရှင်ကြား လျှောက်ထားမှုတွင် ချိုးဖောက်မှုများကို အဆုံးသတ်ရန် တာဝန်ရှိသော တရားရုံးများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများအား ဆောင်ရွက်သင့်သည့် တိကျသော အစီအမံများကို ညွှန်ပြနိုင်ခဲ့ပေသည်။

တူကီယဲနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး(TCC) ၏ စီရင်ချက်အပေါ်အခြေခံ၍ ပြန်လည်ရုံးထိုင်စစ်ဆေးခြင်းနှင့် ပြန်လည်စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းသည် ပြစ်မှု၊ တရားမမှု သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာ စီရင်ပိုင်ခွင့်များအတွက် ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များအရ ဆောင်ရွက်ရသည့် ပြန်လည်ရုံးထိုင် စစ်ဆေးခြင်း သို့မဟုတ် ပြန်လည်စုံစမ်း စစ်ဆေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ကွဲပြားခြားနားပါသည်။ ထို့ကြောင့် အခြားတရားစီရင်ရေးများ၏ ပြန်လည်ရုံးထိုင်စစ်ဆေးခြင်းဆိုင်ရာ အထွေထွေလုပ်ထုံး လုပ်နည်းများနှင့်မတူဘဲ တရားရုံးများသည် တူကီယဲနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး (TCC)ထံမှ အကြောင်း

ကြားချက် ရရှိပြီးနောက် မူလတရားရုံးတွင် အမှုအသစ် ဖွင့်ရန်မှတစ်ပါး ရွေးချယ်စရာ မရှိပေ။ ဤကိစ္စနှင့်စပ်လျဉ်း၍ လျှောက်ထားသူများသည် ပြန်လည်ရုံးထိုင်စစ်ဆေးရန်အတွက် တရားရုံးများသို့ လျှောက်ထားရန် မလိုအပ်ဘဲ အခွင့်အာဏာရှိသော တရားရုံးများသည် တာဝန်ရှိသည့်အလျောက် အမှုအခင်းများကို ပြန်လည်ဖွင့်လှစ်ရမည်။

## ၃-၂။ ရှည်လျားသည့် စွဲဆိုခြင်းလုပ်ငန်းများ

ဒုတိယမြောက် အကြီးမားဆုံးပြဿနာမှာ ဆိုင်းငံ့ထားသည့် ပြန်လည်ရုံးထိုင်စစ်ဆေးမှုများနှင့်ပြန်လည်စုံစမ်းစစ်ဆေးမှုများ၏ အရေအတွက်အမြောက်အမြားရှိခြင်းပင်ဖြစ်သည်။ အချိန်ရှည်လွန်းသော စွဲဆိုခြင်းလုပ်ငန်းများ၏ ပြဿနာမှာ လူပုဂ္ဂိုလ်တစ်ဦးချင်းစီဆိုင်ရာ လျှောက်ထားမှုများ မတိုင်မီဖြစ်ပွားသည့် ပြဿနာတစ်ခုသာ မဟုတ်ဘဲ ချိုးဖောက်မှုအတွက် ဆုံးဖြတ်ချက်များ ချမှတ်ပြီးနောက်တွင်ပင် ဆက်လက်ဖြစ်ပွားနေသည့် ပြဿနာတစ်ခုလည်း ဖြစ်သည်။

ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဆုံးဖြတ်ချက်များ ချမှတ်ပြီးနောက် ထပ်မံပေါ်ပေါက်လာသောပြန်လည်ရုံးထိုင်စစ်ဆေးခြင်းအတွက် သက်တမ်းတိုးပေးသင့်ပြီး၊ သတ်မှတ်ချိန်တွင် လိုက်နာဆောင်ရွက်ခြင်း ရှိ/ မရှိကို တရားရေးဝန်ကြီးဌာနက လေ့လာစောင့်ကြည့်ခဲ့သည်။

## ၃-၃။ ထောက်ခံတင်ပြချက်များ

တည်ဆဲစီရင်ချက်များကို အတည်ပြုအကောင်အထည်ဖော်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းဥပဒေမူဘောင်နှင့် အမှုသည်များ၏ တာဝန်နှင့်တာဝန်ယူမှုများကို ပိုမိုကောင်းမွန်အောင် သတ်မှတ်ခြင်းနှင့် ရှင်းလင်းတိကျစွာ ပြဋ္ဌာန်းခြင်း။

တူကီယဲနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးနှင့် အခြားသက်ဆိုင်သူများ (နိုင်ငံတော်ကောင်စီ၊ အယူခံတရားရုံးများ၊ အောက်တရားရုံးများနှင့် အခြား နိုင်ငံတော်အာဏာ ပိုင်များ) အကြား ဆွေးနွေးညှိနှိုင်းမှုကို အကြောင်းအရာအလိုက် စားပွဲဝိုင်းအစည်းအဝေးများနှင့် ဆွေးနွေးပွဲများမှတစ်ဆင့် တိုးမြှင့်သင့်ပါသည်။ ထို့အပြင် တရားသူကြီးများနှင့် အစိုးရရှေ့နေများက ဆောင်ရွက်ပေးသည့် ဌာနတွင်း ပညာပေးအစီအစဉ် (ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအတွင်းကျင်းပခြင်း) များကို ပုံမှန်အချိန်ကာလ အဖြတ်အတောက်ဖြင့် ဆက်လက်လုပ်ဆောင်ခြင်း။

တူကီယဲနိုင်ငံ တရားရေးအကယ်ဒမီမှ တရားသူကြီးလောင်းများနှင့် အစိုးရရှေ့နေလောင်းများအတွက်ပညာပေးအစီအစဉ်သည်လူ့အခွင့်အရေးချိုးဖောက်မှုများကို အစားထိုးပြုပြင်ပေးခြင်း လုပ်ထုံးလုပ်နည်းများ ပါဝင်သင့်ခြင်း။

အထူးသဖြင့် တူကီယဲပါလီမန်နှင့် လူ့အခွင့်အရေး စုံစမ်းစစ်ဆေးရေးကော်မတီတို့၏ ချိတ်ဆက်မှုများကို အားကောင်းစေရမည် ဖြစ်ပြီး အလားတူစောင့်ကြည့်ရေးအဖွဲ့များကို တရားရေးဝန်ကြီးဌာန သို့မဟုတ် တူကီယဲနိုင်ငံလွှတ်တော်အတွင်း ဖွဲ့စည်းရမည်ဖြစ်ခြင်း။

## ၄။ လေ့လာတင်ပြချက်

ယခုဖတ်ကြားသည့်စာတမ်းသည် **တူကီယဲသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးစီရင်ချက်များ၏ စည်းနှောင်အားရှိမှုနှင့် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှု** ဟု ဖော်ပြထားသည့်အပြင်၊ ယခင်ဖတ်ကြားသွားသည့် စာတမ်းများကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးစီရင်ချက်များအား လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ခြင်း ရှိ/မရှိကို အမှုများဖြင့် နမူနာတင်ပြ၍ ဆွေးနွေးသည့် စာတမ်းမဟုတ်ဘဲ သက်ဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးအတွင်းမှာပင် ဌာနတစ်ခု တည်ထောင်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ တရားရုံး၏ စီရင်ချက်များအား လိုက်နာအကောင်အထည်ဖော် ပြီးစီးမှုကို စစ်ဆေးသည့်စနစ်တစ်ခု ဖွဲ့စည်းထားခြင်းအပေါ် ဖောင်းပေးတင်ပြထားသည်ကို လေ့လာတွေ့ရှိရပါသည်။

တနည်းအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဖွဲ့စည်းပုံကိုပိုမိုဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏စီရင်ချက်များအား လိုက်နာအကောင်အထည်ဖော်မှုကို စိစစ်သည့်စနစ်တစ်ရပ်ထားရှိရန် လိုအပ်ခြင်းကို မီးမောင်းထိုးပြသည့် စာတမ်းတစ်ရပ်ဖြစ်သည် ဟု သုံးသပ်ရရှိပါသည်။

တူကီယဲသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေသည် တူကီယဲပြည်သူလူထုက ပိုင်ဆိုင်သော အချုပ်အခြာအာဏာကို လူထုကိုယ်စားပြု ကျင့်သုံးဆောင်ရွက်ရန် တာဝန်နှင့်အခွင့်အရေးများကို ချမှတ်ပေးထားသော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တူကီယဲနိုင်ငံသားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးရန် တည်ထောင်ထားသော တရားရုံးတစ်ရုံးလည်း ဖြစ်သည်။

၁၉၆၂ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးကို တည်ထောင်ခဲ့ခြင်းသည် နိုင်ငံသားများ၏ မူလအခွင့်အရေးများနှင့် နိုင်ငံ၏ အခြားအရေးပါသော ဖွဲ့စည်းပုံအခြေခံဥပဒေ

ဆိုင်ရာကိစ္စများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေး နည်းလမ်းဖြင့် ထိန်းညှိ ဆောင်ရွက်ပေးရန်ဖြစ်သည်။

ထို့ပြင် တူကီယဲနိုင်ငံသည် ဥရောပကောင်စီကို တည်ထောင်ခဲ့သည့် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ ဖြစ်သည့် အားလျော်စွာ ဥရောပလူ့အခွင့်အရေးဆိုင်ရာသဘောတူစာတမ်းနှင့် တူကီယဲနိုင်ငံက လက်ခံအသိအမှတ်ပြုထားသည့် နောက်ဆက်တွဲသဘောတူညီချက်များပါ အချက်များကို ချိုးဖောက်ခြင်းခံရပါက တူကီယဲနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသို့ လည်းကောင်း၊ ဥရောပလူ့အခွင့်အရေးဆိုင်ရာ တရားရုံးသို့လည်းကောင်း လျှောက်ထား ခွင့်ရှိသည်။ တူကီယဲနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသို့ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ လျှောက်ထားခွင့် (Individual Application)ကို ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့သည်။

တူကီယဲ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ၎င်း၏ဆုံးဖြတ်ချက်များအား သက်ဆိုင်ရာအဖွဲ့အစည်းများက လိုက်နာအကောင်အထည်ဖော်ရာတွင် ဆောင်ရွက်မှုရှိ/ မရှိကို လေ့လာစောင့်ကြည့်ရန် ဌာနတွင်း အဖွဲ့တစ်ဖွဲ့ထားရှိကာ စောင့်ကြပ်စစ်ဆေးလျက်ရှိပြီး၊ ထိထိ ရောက်ရောက် လိုက်နာအကောင်အထည်ဖော်ရေးအတွက်လည်း အစီအမံများ ဆောင်ရွက်လျက် ရှိကြောင်း တွေ့ရှိရသည်။

ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ တရားရုံး၏ ဆုံးဖြတ်ချက်သည် **ဥပဒေပြုရေး၊ အုပ်ချုပ်ရေး နှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးအာဏာပိုင်များ၊ လူပုဂ္ဂိုလ်များနှင့် ဥပဒေ အရ သတ်မှတ်ထားသော အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအပေါ် စည်းနှောင်အားရှိရမည်** ဟု တူကီယဲနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၅၃ တွင် အတိအလင်း ပြဋ္ဌာန်းထားရာ တူကီယဲနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် တူကီယဲသမ္မတနိုင်ငံ၏ အဓိကအချုပ်အခြာအာဏာ (၃)ရပ် ဖြစ်သည့် ဥပဒေပြုရေး၊အုပ်ချုပ်ရေး၊တရားစီရင်ရေးတို့အပေါ် စည်းနှောင်အားရှိသော အဖွဲ့ အစည်းတစ်ခု ဖြစ်ကြောင်း လေ့လာသိရှိရသည်။